## (၁) မှဲ့ပြောက်စွန်းရောဂါ (Anthracnose)

**ရောဂါဖြစ်စေသက်ရှိ - *Colletotrichum musae* (Berk. & M.A.Curtis) Arx, (1957)**

## ရောဂါလက္ခဏာ

ငှက်ပျောသီးကို အဓိကတိုက်ခိုက်လေ့ရှိသည်။ အသီးပေါ်တွင် အညိုရင့်ရောင် (သို့) အနက်ရောင် အစက်အပြောက်များစတင်ဖြစ်ပေါ်သည်။ ရောဂါကွက်သည် ငှက်ပျောခွံ ပေါ်တွင် အရွယ်အစားကြီးမားလာပြီး အညိုရောင်မှတစ်ဆင့် အနက်ရောင်ပြောင်း၍ တွန့်ရှုံ့ သွားပြီး အနာကွက် အလယ်တွင် ပန်းရောင်မှိုမျှင်အစုကိုတွေ့နိုင်သည်။ ငှက်ပျောသီးတစ်ခု လုံးဖုံးလွှမ်းသွားသည်။ အသီးခိုင် ညှိုးနွမ်း၍ အသီးများကြွေကျသည်။ ငှက်ပျောပန်းခိုင်မှာကတည်းက စတင် ၍ရောဂါကျနိုင်သည်။ ရောဂါကျ အသီးများမရင့်သေးဘဲ မှည့်ပြီးအဝါရောင်ပြောင်းကာ ထိုမှတစ် ဆင့် အနက်ရောင်ပြောင်းပြီးပုပ်သွားသည်။





## ကာကွယ်နှိမ်နင်းနည်း

- ပေါင်းရှင်း/သန့်ရှင်းရေးပြုလုပ်ပါ။

- ရောဂါကျ ပင်ကြွင်းပင်ကျန်များကို မီးရှို့ဖျက်ဆီးပါ။
- ရေသွင်း/ရေထုတ် ကောင်းမွန်အောင်လုပ်ပါ။
- သီးခိုင်ကို  ရောဂါမကူးစက်စေရန် ပလပ်စတစ်အုပ်ပါ။
- သင့်တော်သည့်ရင့်မှည့်ချိန်တွင်ခူးဆွတ်ပါ။
- ခူးဆွတ်ချိန်နှင့်သယ်ယူပို့ဆောင်ချိန် ၌ ဒါဏ်ရာမရအောင်ဆောင်ရွက်ပါ။
- သီးခိုင်စုသောနေရာ/သယ်ယူပို့ဆောင်စဉ်/အသီးမှည့်ခန်းများ အတွင်း
- သန့်ရှင်းအောင်ဆောင်ရွက်ပါ။
- ငှက်ပျောသီးများရေဆေးသောအချိန် တွင်မှိုရောဂါ မကူးအောင်ဆောင်ရွက်ပါ။

ရောဂါကျပါက ပက်ဖျန်းနိုင်သောဆေးများမှာ -

- Mancozeb (မန်ကိုဇက်)
- Difenoconazole (ဒီဖီနိုကိုနာဇိုး)
- Chlorothalonil (ကလိုရိုသာလိုနေးလ်)